# ယူနန်သည် ၂၀၁၆ခုနှစ်အတွင်းညွှန်ကြားရေးမှူးအဆင့်နှင့် ညွှန်ချုပ်ကြီးအဆင့်ရှိသည့် အရာရှိ(၄၅)ဦးကို စစ်ဆေးခဲ့သည်

ယူနန်ပြည်နယ်စည်းကမ်းစစ်ဆေးရေးကော်မတီ ပြည်နယ်ကြီးကြပ်ကွပ်ကဲရေးဌာန၏ဝဂ်ဆိုက်သတင်းအရ ၂၀၁၆ ခုနှစ်အတွင်းတွင်ယူနန်မှာ ညွှန်ကြားရေးမှူးအဆင့်နှင့် ညွှန်ချုပ်ကြီးအဆင့်ရှိသည့်အရာရှိ(၄၅)ဦးကို စည်းကမ်းကြပ်မတ်စွာစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ အကျင့်ပျက်ခြစားမှု ပပျောက်ရေးအင်အားသည် အဆက်မပြတ်တိုးမြှင့်လာပြီး မကောင်းမှုပြုသူများအား အလွန်ထိတ်လန့်ကြောက်ရွံ့စေခဲ့သည်။

ရေရှည်အချိန်ကာလအတွင်းတွင် ယူနန်သည်ဘက်စုံမှ ပါတီဝင်များအကျင့်ပျက်မှုအပြစ်ဒဏ်ပေးမှုများကို ကြပ်မတ်စွာဆောင်ရွက်လျက်ရှိပြီး စည်းကမ်းကြပ်မတ်ခြင်း၊ စစ်ဆေးခြင်းများကို ပေါ်လွင်စေသည်။ ကွန်မြူနစ်ပါတီ (၁၈)ကြိမ်မြောက် တစ်နိုင်ငံလုံးဆိုင်ရာ အစည်းအဝေးကြီးကျင်းပပြီးနောက်တွင် အကျင့်ဆက်လက်ပျက်ပြားနေသော၊ ဆက်လက်ပြီးအကျင့်ပျက်ခြစားမှုများ လုပ်ဆောင်နေသော၊ ပြဿနာပြန်ကြားမှုဦးတည်နေသော၊ ပြည်သူလူထုအများအပြားက ဖော်ပြနေသော၊ ယခုလက်ရှိတွင် အရေးပါရာထူးတွင် တာဝန်ထမ်းဆောင်နေသော၊ နောက်နောင်တွင် ရာထူးထပ်မံတိုးမြှင့်နိုင်စွမ်းရှိသူများ စသည်တို့ကို အထူးဂရုပြုနေပါသည်။

အကျင့်ပျက်ခြစားမှုပပျောက်ရေး၊ အကျင့်ကောင်းများသာ စောင့်တည်ခြင်းဆင်ဂနယ်များကို ဆက်လက်ထုတ်လွှင့်နိုင်စေရန် ယူနန်သည်ကြီးကြပ်ကြပ်မတ်ရေးလမ်းကြောင်းများကို အဆက်မပြတ်တိုးချဲ့နေသည်။"ကြီးကြပ်စစ်ဆေးသည့်အခါတွင် ချန်ကျန်ခဲ့ခြင်းမရှိရေး၊ ကြပ်မတ်သည့်အခါတွင်လည်း လစ်ဟင်းမှုမရှိစေရေး"ချမှတ်ထားသော တောင်းဆိုချက်များအရ အစိုးရကြီးကြပ်စစ်ဆေးမှုများကို ထဲထဲဝင်ဝင်ရှိအောင်ဆောင်ရွက်ခြင်း၊ ပြဿနာသဲလွန်စများကို အချိန်မှီရှာဖွေနိုင်ခြင်း၊ ကြီးကြပ်ကြပ်မတ်မှုများကိုအကျိုးရှိစွာ လုပ်ဆောင်ကာ မကောင်းမှုပြုသူများအား အလွန်ထိတ်လန့်အောင်လုပ်ဆောင်ရမည်ဖြစ်သည်။ မကောင်းမှုပြုသူများကို မကောင်းမှုပြုခြင်းမှရပ်တန့်သွားစေခြင်း၊ ပြဿနာကို အရင်းအမြစ်မှဖြေရှင်းခြင်းစသည်များကို ဆောင်ရွက်မည်။ ပြည်သူလူထုမှ တိုင်ကြားခြင်းနည်းလမ်းများကိုတိုးချဲ့မည်ဖြစ်သည်။ အွန်လိုင်းမှတစ်ဆင့် မကောင်းမှုပြုသူများအား ထုတ်ဖော်တိုင်ကြားခြင်း ပလက်ဖောင်းကို တည်ဆောက်မည်ဖြစ်သည်။ အခြေခံအဆင့်စစ်ဆေးကြပ်မတ်မှုအဖွဲ့ ကွန်ယက်တည်ဆောက်ခြင်း၊ အများပိုင်အကောင့်များ၊ မိုဘိုင်းဖုန်းပမာဏ တစ်သားတည်းကြီးကြပ်ရေးပလက်ဖောင်းများကို တည်ဆောက်သွားမည်ဖြစ်သည်။

ယူနန်သည် "ပြည်နယ်အဆင့်အစိုးရ ဝန်ထမ်းအကျင့်ပျက်ခြစားမှုမရှိသောဖိုင်မှတ်တမ်းစနစ်"တည်ဆောက်မှုကိုကြိုးစား ကြပ်မတ်ခြင်း၊ ပြည်နယ်အစိုးရဝန်ထမ်းများ အုပ်ချုပ်ရေးဆိုင်ရာပြဿနာများကို ဖိုင်စနစ်တည်ဆောက်ထိန်းချုပ်ခြင်း၊ ရာထူးနှစ်ဆင့်စုပေါင်းစစ်ဆေးခြင်းအပြစ်ဒဏ်ချမှတ်ခြင်း၊ "တစ်နေ့တာစာရင်း ရှင်းလင်းခြင်း၊ အပတ်စဉ်တင်ပြခြင်း၊ လချုပ်တင်ခြင်း၊ ရာသီအလိုက်တင်ပြခြင်း"ဟူသော အုပ်ချုပ်မှုစနစ်ကို ပြည့်စုံအောင်လုပ်ဆောင်နေသည်။

ထို့ပြင်ယူနန်သည် "လုံးဝသည်းမခံခြင်း"စိတ်သဘောထားဖြင့်၊ အားမလျှော့သော၊ တင်းကြပ်သော၊ ဆောင်ရွက်မှုနှုန်းမပျက်သော၊ ဖိအားပြင်းသောပုံစံကိုသာ ဆက်လက်ကျင့်သုံးနေ မည်ဖြစ်သည်။ ပါတီစည်းကမ်းကြပ်မတ်ရေးအရ အကျင့်ပျက်မှုတစ်ခုပေါ် သိလာပါက၊ ၎င်းအမှုကိုချက်ချင်းစစ်ဆေးခြင်း၊ လုံးဝသည်းမခံပါ၊ လျှော့မပေးပါ။ ထို့အတူ သတင်းစာများမှ လူအများသိစေရန် သတင်းဖြန့်ဝေခြင်းလုပ်ငန်းများကိုလုပ်ဆောင်မည်။ အကျင့်ပျက်ခြစားသူများအား ထိတ်လန့်ကြောက်ရွံ့သွားအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။ ပြည်နယ်စည်းကမ်းကြပ်မတ်ရေးသည် စံနမူနာကျသောအမှု၏ လေ့လာသုံးသပ်မှုများကိုလုပ်ဆောင်မည်။ ဥပဒေနှင့်စည်းကမ်းများကို ပြင်းထန်ဆိုးရွားစွာ ဖောက်ဖျက်သော အရာရှိသက်ဆိုင်ရာ အပြစ်ဝန်ခံစာများကိုထုတ်ဝေပြီး အနုတ်သဘောဆောင်သော ပညာပေးအမှုများအဖြစ် ပါတီဝင်များကိုသတိပေးမည်။

(ကြံ့ရှင်ဝပ်)

## ယူနန်သားကျူမြန်စိန်သည်ပြင်သစ်မြင်းစီးသူရဲကောင်း အမှတ်တံဆိပ်ကိုရရှိ



ပြင်သစ် "ပြင်သစ်ပြည်သူ့သမ္မတနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေသတင်းစာ" ဧပြီလ(၁၆) ရက်နေ့တွင်ပြင်သစ်နိုင်ငံသို့ ရောက်ရှိနေသော နာမည်ကျော်တရုတ်တိုင်းရင်းဆေးဆရာသမားတော်၊ ပဲရစ်အာကာသအပ်စိုက်သုတေသနအကယ်ဒမီမှ ပါမောက္ခချုပ်ကျူမြန်စိန်စသည့် ထူးချွန်သူများအား မြင်းစီးသူရဲကောင်း အမှတ်တံဆိပ်ဘွဲ့ရှင်များကို ကြေငြာခဲ့သည်။ ပြင်သစ်သမ္မတ Hollandeသည် ဧပြီလ (၁၄)ရက်နေ့တွင် သက်ဆိုင်ရာဘွဲ့လက်မှတ်များအား လက်မှတ်ရေးထိုးခဲ့သည်။ ၎င်းဂုဏ်ပြုတပ်ဖွဲ့ အမှတ်တံဆိပ်ဘွဲ့သည် ပြင်သစ်မှ တရုတ်တိုင်းရင်းဆေးဆရာသမားတော်တစ်ဦးကို ပထမဦးဆုံးအကြိမ်ပေးအပ်ခြင်းဖြစ်သည်။ ဘွဲ့ပေးအပ်အခမ်းအနားတွင် သတင်းထောက်ကကျူမြန်စိန်ကိုမေးမြန်းသည့်အခါ ထိုကဲ့သို့ပြောသည်၊ ၎င်းဘွဲ့သည်မိမိ၏ နှစ်ရှည်တရုတ်ဆေးပညာပြန့်ပွားရေးလုပ်ငန်း လုပ်ဆောင်ခြင်း၊ တရုတ်ဆေးပညာနှင့် အနောက်တိုင်းဆေးပညာဖလှယ်ခြင်းနှင့် ပေါင်းစပ်ခြင်းကိုအသိအမှတ်ပြုခြင်းဖြစ်သည်။ တရုတ်တိုင်းရင်းဆေးပညာ၏ ရလဒ်နှင့်ဂုဏ်ယူစရာဖြစ်သည်။ ပြင်သစ်သမ္မတHollandeu ပြင်သစ်နိုင်ငံသို့ နှစ်ပေါင်းများစွာရောက်ရှိခဲ့သော ကျူမြန်စိန်အား ဘွဲ့ချီးမြှင့်ခဲ့သည်။ ကျူမြန်စိန်သည်မိမိ၏ နဂိုရည်မှန်းချက်ကိုမပြောင်းလဲပဲ၊ နှစ်ပေါင်း (၄၀)ကျော်တိုင် တရုတ်တိုင်းရင်းဆေးပညာမူလနဂိုသီအိုရီနှင့် အတွေးများကို လက်ကိုင်ထားပြီး တရုတ်နိုင်ငံရှေးခေတ်နက္ခပေဒ၊ ပြက္ခဒိန်၊ ဒဿနိကဗေဒစာအုပ်စာပေများစွာကို ကြိုးပမ်းလေ့လာခဲ့သည်။ ရှေးလူကြီးများ၏သုတေသနခြင်းမှုတည်ပြီး သီအိုရီပြီးပြည့်စုံသောလက်တွေ့အကောင်အထည် ဖော်ဆောင်နိုင်သော အပ်စိုက်ကုသမှု-အာကာသအပ်စိုက်နည်းကိုဖန်တီးခဲ့သည်။ အကောင်းဆုံးသော အပ်စိုက်နည်းပညာဖြင့် ပြင်သစ်နှင့် ဥရောပအခြားနိုင်ငံများမှ အစိုးရအရာရှိများနှင့် သာမန်ပြည်သူလူထုများအားရောဂါများကို ကုသပေးသည်။ သူဖန်တီးထားသော အာကာသအပ်စိုက်နည်းသည် ထူးခြားသောကုသပျောက်ကင်းမှုရလဒ်ကိုရရှိစေသည်။ ဥရောပမှ ချီးကျူးခံသောကျူမြန်စိန်သည် မိမိဇာတိမြေကိုတစ်ခါမှမမေ့ခဲ့ပြီး သူမဖန်တီးထားသော "အာကာသအပ်စိုက်နည်းပညာ" ကိုအမိနိုင်ငံသို့ သယ်ဆောင်ကာပိုမိုများပြားသော လူများအားကုသပေးမည်ဖြစ်သည်။ ၂၀၁၆ခုနှစ်မတ်လ(၂၉)ရက်နေ့တွင် ကူမင်းမြို့တရုတ်တိုင်းရင်းဆေးဆေးရုံ တုံဖုံလမ်းရုံခွဲတွင် "ယူနန်ပြည်နယ် ပညာရှင်အလုပ်ဌာန-ပညာရှင်ကျူမြန်စိန်အလုပ်ဌာနကူမင်းရုံးခန်း"ဆိုင်းဘုတ်တင် အခမ်းအနားကိုခမ်းနားစွာကျင်းပခဲ့သည်။ ဆိုင်းဘုတ်တင်အခမ်းအနားပေါ်တွင် ပါမောက္ခ ကျူမြန်စိန်က ထိုကဲ့သို့ပြောသည်-"ကျွန်မကကူမင်းမြို့တရုတ်တိုင်းရင်းဆေး ဆေးရုံနဲ့နက်ရှိုင်းသောမေတ္တာရှိပါတယ်။ ကူမင်းမြို့တရုတ်တိုင်းရင်းဆေးဆေးရုံမှာ အလုပ်ဌာနတည်ထောင်ပေးခြင်းအတွက် အရမ်းဝမ်းမြောက်ပါတယ်။ ဒီတစ်ခါပြန်ရောက်လာပြီးပြင်သစ်နိုင်ငံမှာ မိမိတီထွင်ခဲ့တဲ့ အာကာသအပ်စိုက်နည်းကို ဇာတိမြေသို့ သယ်ဆောင်လာမယ်၊ ရပ်မိရပ်ဖများကို ကူညီပေးမယ်။ ထို့အတူယူနန်ပြည်နယ် အပ်စိုက်နည်း တိုးတက်ဖွံ့ဖြိုးမှုအတွက်လည်း ကူညီထောက်ပံ့မှုတွေကိုပေးအပ်သွားမယ်။" သတင်းထောက် - ရွှမ်မင်ဖုံ

ဓာတ်ပုံသတင်း

## တိုင်းရင်းသားဝတ်စုံများဖြင့်အလှယှဉ်ပြိုင်ကြခြင်း



လတ်တလော ရက်ပိုင်းတွင် ကျင်းပခဲ့သော တယ်ဟုန်တိုင်တိုင်းရင်းသား၊ ဂျင်းဖောတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်ခွဲမှ တိုင်းရင်းသားဝတ်စုံများ ပြသသရုပ်ဆောင်ခြင်းသည် ပရိသတ်များအား အမြင်ကျယ်အံ့အားသင့်စေပါသည်။ တယ်ဟုန်ပြည်နယ်ခွဲ မြို့နှင့်ခရိုင်အသီးသီးမှ သရုပ်ဆောင်အယောက်(၁၀၀)ကျော်က တယ်ဟုန်တွင်နေထိုင်သော တိုင်းရင်းသား (၅)မျိုးနှင့် ၎င်းတို့နှင့်ဆက်နွယ်သော တိုင်းရင်းသားမျိုးနွယ်ဝတ်စုံအစုံ (၂၀၀)ကျော်၊ လက်ဝတ်တန်ဆာများစသည်ကို ဝတ်ဆင်ပြသခဲ့ပါသည်။ ပြပွဲသို့ရောက်ရှိသော ပရိသတ်များအတွက် တမူထူးခြားသော "တိုင်းရင်းသားဝတ်စုံပြပွဲသဘင်ကြီး"ကိုတင်ဆက်ပေးခဲ့သည်။

သတင်းထောက် -ဝမ်ယွမ်ရွှေ